မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

July 11 , 2025 Volume 92, Number 8

| ၁၁. ၇.၂၀၂၅ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၃.၉၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၀.၁၁ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၄၂.၀၄ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၈၁.၇၀ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၈၄ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၄၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၇၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၃.၂၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၅၅ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၃၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်မက်ထရစ်တန် သုံးသန်းခန့် တင်ပို့နိုင်ရန် လျာထားပြီး မက်ထရစ်တန် ခြောက်သိန်းကျော် တင်ပို့ထားပြီးဖြစ်



မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်အနေဖြင့် ယခုဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်မက်ထရစ်တန် သုံးသန်းခန့် တင်ပို့နိုင်ရန် လျာထားဆောင်ရွက်လျက်ရှိပြီး ဆန်မက်ထရစ်တန်ခြောက်သိန်းကျော် တင်ပို့ထားပြီးဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌဦးရဲမင်းအောင်က ပြောသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့်အတူ သက်ဆိုင်ရာ ဆန်စက်လုပ်ငန်းရှင်များ၊ ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများနှင့် ပို့ကုန်၊ သွင်းကုန် ကုမ္ပဏီများပူးပေါင်း၍ လအလိုက်လျာထားချက်များသတ်မှတ်ကာ ထိုလျာထားချက်များအတိုင်း ပြည့်မီစွာ တင်ပို့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

"ဒီဘဏ္ဍာနှစ်မှာပြည်ပကိုဆန်မက်ထရစ်တန်သုံးသန်းခန့် တင်ပို့နိုင်အောင် လျာထားဆောင်ရွက်နေပါတယ်။ဘဏ္ဍာနှစ်ရဲ့ ပထမပိုင်းလတွေဖြစ်တဲ့ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်လတွေမှာ တစ်လကို ဆန်မက်ထရစ်တန် နှစ်သိန်းတင်ပို့နိုင်ဖို့ ရည်မှန်းထားပါတယ်။

အခုဆိုရင် ဧပြီ၊ မေ၊ ဇွန် သုံးလရှိသွားပါပြီ။ တစ်လကို ဆန်မက်ထရစ်တန် နှစ်သိန်းခန့်ရည်မှန်းချက်ပြည့်မီအောင် တင်ပို့နိုင်ခဲ့ပါတယ်။ဇူလိုင်လမှာလည်း ဆန်မက်ထရစ် တန်နှစ်သိန်းကျော်ထပ်မံတင်ပို့နိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်ဟု" ၎င်းက ပြောသည်။

ထိုသို့လျာထားချက်များအတိုင်း တင်ပို့နိုင်စေရေး ပြည်တွင်းရှိ ကုမ္ပဏီပေါင်း ၆၀ နီးပါးက တရုတ်၊ ဥရောပ၊ အာဖရိကနှင့် အာဆီယံဈေးကွက်များရှိ နိုင်ငံများသို့ မြန်မာ့ဆန်များတင်ပို့နိုင်စေရန် သက်ဆိုင်ရာကုမ္ပဏီများ၊ကုန်သည်၊ဝယ်လက်များနှင့် ချိတ်ဆက်ဆောင်ရွက်နေကြပြီး မြန်မာနိုင်ငံဆန်စပါး အသင်းချုပ်အနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီပေးလျက် ရှိသည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ်က ပြည်ပနိုင်ငံများသို့ စုစုပေါင်း ဆန်မက်ထရစ်တန် ၂ ဒသမ ၄၈ သန်းခန့် တင်ပို့နိုင်ခဲ့ပြီးအမေရိကန် ဒေါ်လာ သန်း ၁၁၀၀ ကျော် ရရှိခဲ့ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/

## ဝမ်တိန်မှတစ်ဆင့် တစ်ရက်လျှင် သရက်သီး တန် ၃၀၀ ခန့် တရုတ်ကိုတင်ပို့နေ



တရုတ်-မြန်မာ နယ်စပ်ဝမ်တိန်ဂိတ်မှ တစ်ဆင့် တစ်ရက်လျှင် မြန်မာ့သရက်သီး တန်ချိန် ၃၀၀ ခန့် တရုတ်ကိုတင်ပို့လျက်ရှိကြောင်း ဝမ်တိန် အကောက်ခွန်ဌာနက သိရပါတယ်။

ယခုရက်ပိုင်းအတွင်း မြန်မာနိုင်ငံမှ စိန်တလုံး သရက်သီးတွေတင်ဆောင်တဲ့ ကုန်တင်ကားတွေဟာ အကောက်ခွန်စစ်ဆေးရေးနေရာကို နေ့စဉ်ရောက်ရှိနေ တယ်လို့ ဆိုပါတယ်။

ဝမ်တိန်အကောက်ခွန်ဌာနက စစ်ဆေးပြီးစီးတဲ့သရက်သီးတွေကိုတရုတ်နိုင်ငံထဲတင်သွင်းခွင့်ပြုကာ ကူမင်း၊ချိန်ဒူးနဲ့ ချုံချင်း စတဲ့ မြို့ကြီးတွေဆီ ဖြန့်ဖြူးရောင်းချလျက်ရှိတယ်လို့ သိရပါတယ်။

လက်ရှိမှာ သရက်သီးတင်သွင်းမှုအမြင့်ဆုံးကာလကို ရောက်ရှိနေပေမဲ့ တရုတ်ဈေးကွက်ရဲ့ ဝယ်လိုအားကို ပြည့်မီခြင်း မရှိသေးကြောင်း ဝမ်တိန်စီးပွားရေးဖွံ့ဖြိုးမှုဇုန်ရှိ ချန်ဟယ်သစ်သီးဈေးကွက်မှတာဝန်ရှိသူက တရုတ်သတင်းကွန်ရက်ကိုပြော ပါတယ်။

တရုတ်ဈေးကွက်ထံ မြန်မာ့သရက်သီးတင်ပို့မှုအနေနဲ့ အထွက်နှုန်းရဲ့ သုံးပုံနှစ်ပုံခန့်ရှိသောကြောင့် တရုတ်နယ်စပ် ကုန်သွယ်ရေးလမ်းကြောင်းကို အဓိကမှီခိုနေရတာပါ။

လက်ရှိမှာ လမ်းခရီးကြန့်ကြာတဲ့အပြင် ကုန်ကျစရိတ်များတာကြောင့် မိုင်းလား-တာလေ့ လမ်းကြောင်းက တစ်ဆင့် တင်ပို့ရတာ အဆင်မပြေကြောင်း သစ်သီးပွဲရုံအသိုင်းအဝိုင်းက ပြောပါတယ်။

ဝမ်တိန်အကောက်ခွန်ဌာနရဲ့ စာရင်းဇယားတွေအရ ဧပြီလ ၂၅ ရက်နေ့မှာ ယခုနှစ်ရဲ့ပထမဆုံးအသုတ်အဖြစ် မြန်မာ့ စိန်တလုံးသရက်သီးတွေ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။

ဝမ်တိန်အကောက်ခွန်ဌာနမှ ကြီးကြပ်စစ်ဆေးပြီး ဇွန်လ ၃၀ ရက်နေ့အထိ တင်သွင်းခွင့်ပြုခဲ့တဲ့ သရက်သီးပမာဏမှာ ၃၈၈၂ ဒသမ ၅ တန်ရှိပြီး ပြီးခဲ့တဲ့နှစ် ကာလတူထက် သိသိသာသာတိုးများ လာခဲ့ကြောင်း သိရပါတယ်။

**Source : BETV Business**

## ပဲကြီးဈေးနှုန်းဈေးကွက်



မကွေးတိုင်းဒေသကြီးအတွင်း ပဲကြီးကို နေရာအနှံ့အပြားတွင် စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသည်။

မကွေးတိုင်းဒေသကြီးအတွင်း ပဲကြီးကို ၁၀၂,၈၆၅ ဧက စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။ ပဲကြီးသည် စားသုံးမှုများသည့် သီးနှံတစ်ခုဖြစ်သည့်အတွက် ပြည်တွင်းဝယ်လိုအား အခိုင်အမာရှိသည့် သီးနှံတစ်ခုလည်းဖြစ် သည်။

ပဲကြီးကို ပဲကြီးလှော်လုပ်ငန်းရှင်နှင့် ပဲကြော်လုပ်ငန်းရှင်များက ဝယ်လိုအား ပုံမှန်ရှိနေသည်။ အိမ်ရှင်မများ မှာ ပဲကြီးကိုနှပ်၍လည်းကောင်း၊ဟင်းချိုချက်၍လည်းကောင်းချက်စားကြသည်။ပြီးခဲ့တဲ့ ဇွန်လတွင် ပဲကြီးဈေးငြိမ်နေရာမှ ဇွန်လကုန်နှင့် ယခု ဇူလိုင်လတွင် ဈေးအနည်းငယ်မြင့်တက်လာသည်။

ဇွန်လတွင် ပဲကြီး ၂၀ ပိဿာ တစ်တင်းလျှင် ၉၅,၀၀၀ ကျပ် ဈေးဖြင့် ငြိမ်နေသော်လည်း ဇွန်လကုန်နှင့် ဇူလိုင်လဆန်းတွင် ပဲကြီး ၂၀ ပိဿာ တစ်တင်းလျှင် ၉၇,၀၀၀ ကျပ်ဈေးဖြင့် တစ်တင်းလျှင် ၂၀၀၀ ကျပ် အနည်းငယ်ဈေးတက်လာကြောင်း အောင်လံကုန်စည်ဒိုင်ဈေးနှုန်းစာရင်းအရ သိရသည်။

**Source : မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ယခုဘဏ္ဍာနှစ် သုံးလတာ ကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ငါးသောင်းကျော်တင်ပို့နိုင်



မြန်မာနိုင်ငံမှ ပြည်ပသို့ရေထွက်ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ငါးမက်ထရစ်တန် ငါးသောင်းကျော် တင်ပို့နိုင်ကြောင်း ငါးလုပ်ငန်းဦးစီးဌာနက သိရသည်။

"ဒီဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇွန်လ ၃၀ ရက်အထိသုံးလတာကာလအတွင်း ပြည်ပကို ငါးတင်ပို့မှု အနေနဲ့မက်ထရစ်တန် ၅၅,၉၁၆ ဒသမ ၂၃၇ တန် တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၂၁၄ သန်း ရရှိခဲ့ပါတယ်" ဟု ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ သုံးလတာကာလအတွင်း ပြည်ပသို့ ပုံမှန်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၃၁,၇၀၆ ဒသမ ၄၅၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၄ ဒသမ ၃၂၃ သန်း၊ နယ်စပ်ကုန်သွယ်မှုမှ ငါးမက်ထရစ်တန် ၂၄,၂၀၉ ဒသမ ၇၈ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၈၉၁ သန်း စုစုပေါင်း ငါးမက်ထရစ်တန် ၅၅,၉၁၆ ဒသမ ၂၃၇ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၄ ဒသမ ၂၁၄ သန်းရရှိခဲ့သည်။

ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူက ပြည်ပသို့ ငါးတင်ပို့မှုအနေဖြင့် မက်ထရစ်တန် ၆၁၃၇၂ ဒသမ ၇၄၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၄၁၁ သန်းရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်၊ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့ပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်းသိရသည်။

**Source:** https://www.myawady.net.mm/

## မြစ်ကြီးနားမြို့၏ ဆန်ဈေးနှုန်းများမြင့်တက်လာ



ယခင် မေလနှင့် ဇွန်လများတွင် မြစ်ကြီးနားမြို့၏ ဆန်အရောင်းဆိုင်များ၌ ပေါ်ဆန်းမွှေး တစ်အိတ်လျှင် ၁၈၅၀၀၀ ကျပ်၊ လုံးသွယ်မွှေး တစ်အိတ်လျှင် ၁၅၅,၀၀၀ ကျပ်၊ ရောပဒေသာ တစ်အိတ်လျှင် ၁၂၀,၀၀၀ ကျပ်၊ စောရှုတ်တစ်အိတ်လျှင် ၁၄၅,၀၀၀ ကျပ်၊ ရွှေသွယ်တစ်အိတ်လျှင် ၁၀၀,၀၀၀ ကျပ်၊ မှော်ဘီတစ်အိတ်လျှင် ၁၀၅,၀၀၀ ကျပ်၊ မနောသုခ တစ်အိတ်လျှင် ၁၁၈,၀၀၀ ကျပ်၊ ငွေတိုးတစ်အိတ်လျှင် ၉၄,၀၀၀ ကျပ်၊ ဆင်း ၃ တစ်အိတ်လျှင် ၉၅,၀၀၀ ကျပ် စသည့်ဈေးနှုန်းများဖြင့် ရောင်းဝယ်လျက်ရှိခဲ့ပြီး ယခုအခါ ဆန်ဈေးနှုန်းများ အနည်းငယ်မြင့်တက်လာသည်။

ယခုလက်ရှိအချိန်တွင် ရွှေဘိုမှ မြစ်ကြီးနားမြို့သို့ ဆန်များသယ်ဆောင်ရာတွင် ကြုံတွေ့ရသည့် ခရီးလမ်းအခက်အခဲများကြောင့် ပေါ်ဆန်းမွှေးတစ်အိတ်လျှင် ၂၀၀,၀၀၀ ကျပ်၊ လုံးသွယ်မွှေးတစ်အိတ်လျှင်၁၆၀,၀၀၀ ကျပ်၊ ရောပဒေသာတစ်အိတ် လျှင် ၁၂၃,၀၀၀ ကျပ်၊ စောရှုတ် တစ်အိတ်လျှင် ၁၄၈,၀၀၀ ကျပ်၊ ရွှေသွယ်တစ်အိတ်လျှင် ၁၀၃,၀၀၀ ကျပ်၊ မှော်ဘီ တစ်အိတ်လျှင် ၁၀၈,၀၀၀ ကျပ်၊ မနောသုခ တစ်အိတ်လျှင် ၁၂၃,၀၀၀ ကျပ်၊ ငွေတိုး တစ်အိတ်လျှင် ၁၀၀,၀၀၀ ကျပ်၊ ဆင်း ၃ တစ်အိတ်လျှင် ၁၀၀,၀၀၀ ကျပ်စသဖြင့် ယခင်ဈေးနှုန်းထက် ဈေးနှုန်းများတိုးမြင့်ရောင်းချနေရကြောင်း မြစ်ကြီးနားမြို့ရှိ ဆန်လုပ်ငန်းရှင်များထံက သိရ သည်။

**Source : ကချင်ပြည်နယ်ဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ကုန်စည်ဈေးနှုန်းများမြင့်တက်ခဲ့သည့်အတွက် စားသုံးခွန်များပိုမိုရရှိလာခြင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ဝင်ငွေရရှိမှုများ များပြားလာခြင်းတို့ကြောင့် ဂျပန်နိုင်ငံ၏အခွန်ငွေရရှိမှုမှာ စံချိန်တင်များပြား

ကုန်စည်ဈေးနှုန်းများမြင့်တက်ခဲ့သည့်အတွက် စားသုံးခွန်များပိုမိုရရှိလာခြင်းနှင့် စီးပွားရေးလုပ်ငန်းများတွင် ဝင်ငွေရရှိမှုများပြားလာခြင်းတို့ကြောင့် ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံ၏အခွန်ငွေရရှိမှုမှာ စံချိန်တင်များပြားခဲ့ပြီး ၇၅ ဒသမ ၂၃ ထရီလီယံယန်း အမေရိကန်ဒေါ်လာ ၅၂၄ ဘီလီယံ ရှိခဲ့ကြောင်းနှင့် ၅ နှစ်တာကာလအတွင်းအမြင့်ဆုံးဖြစ်ခဲ့ကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနကထုတ်ပြန်ခဲ့ကြောင်း ၃-၇-၂၀၂၅ ရက်နေ့ထုတ် The Mainichi သတင်းစာတွင် "Japan tax revenue hits record on inflation, good corporate earnings" ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်။

အဆိုပါသတင်း၌ ၂၀၂၅ ခုနှစ်၊ မတ်လတွင် ကုန်ဆုံးခဲ့သည့် ၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂျပန်အစိုးရ၏ အခွန်ရရှိမှုမှာ မျှော်မှန်းထားသည့်ပမာဏထက် ၁ ဒသမ ၈ ထရီလီယံယန်းပိုမိုရရှိခဲ့ကြောင်းနှင့် ၂၀၂၃ ဘဏ္ဍာနှစ်တွင်အခွန်ငွေရရှိမှုမှာ ၇၂ ဒသမ၀၈ ထရီလီယံယန်းရှိခဲ့ရာမှ ၂၀၂၄ ဘဏ္ဍာနှစ်တွင် ၇၅ ဒသမ၂၃ ထရီလီယံယန်းအထိ များပြားလာခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

၂၀၂၄ ဘဏ္ဍာနှစ်တွင် ဂျပန်နိုင်ငံ၌ စားသုံးခွန်ကောက်ခံရရှိမှုမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၈ ဒသမ၄ ရာခိုင်နှုန်းများပြားခဲ့ပြီး ၂၅ ဒသမ၀၂ ထရီလီယံယန်းရှိခဲ့ကြောင်း၊ စီးပွားရေးလုပ်ငန်းများထံမှ ရရှိသည့်အခွန်ဝင်ငွေမှာ ၁၂ ဒသမ ၉ ရာခိုင်နှုန်း မြင့်မားခဲ့ပြီး၊ ၁၇ ဒသမ ၉၁ ထရီလီယံယန်းရှိခဲ့ကြောင်း၊ ဝင်ငွေခွန်နှင့်နေထိုင်ခွန်များ လျှော့ချကောက်ခံခဲ့မှုကြောင့် ၂၀၂၄ ဘဏ္ဍာ

နှစ်တွင် ဝင်ငွေခွန်ရရှိမှုမှာ ၂၁ ဒသမ ၂၁ ထရီလီယံယန်းရှိခဲ့ပြီး၊ ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက ၃ ဒသမ ၈ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ဂျပန်နိုင်ငံသို့နိုင်ငံခြားသားခရီးသွားဧည့်သည်များလာရောက်မှုမြင့်တက်ခဲ့ခြင်းကြောင့် နိုင်ငံတကာခရီးသွား ခွန်ကောက်ခံရရှိမှုမှာ ၅၂ ဒသမ ၅ ဘီလီယံယန်းရှိခဲ့ပြီး၊ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၃၁ ဒသမ၄ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ဂျပန်နိုင်ငံသို့ လာရောက်လည်ပတ်ပြီး ပြန်လည်ထွက်ခွာသည့်အခါ ဂျပန်နိုင်ငံအနေဖြင့် မည်သည့်နိုင်ငံသားကိုမဆို ၁ ဦးလျှင် ယန်း ၁,၀၀၀ ကောက်ခံလျက်ရှိကြောင်း ဖော်ပြထားသည်။

၂၀၂၄ ဘဏ္ဍာနှစ်တွင် အခွန်ကောက်ခံရရှိမှု များပြားခဲ့ခြင်းကြောင့် ၂ ဒသမ၂၆ ထရီလီယံယန်းအထိ ပိုငွေဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၄ ဘဏ္ဍာနှစ်တွင် မသုံးစွဲဖြစ်သည့် ဘဏ္ဍာငွေမှာ ၄ ဒသမ၃၁ ထရီလီယံယန်းရှိခဲ့ကြောင်းနှင့် ထိုသို့ပိုငွေများရှိခဲ့သည့်အတွက် ဂျပန်အစိုးရအနေဖြင့် ချေးငွေစာချုပ်များရောင်းချကာ ချေးငွေချေးယူရန် လျာထားသည့်အနက်မှ ၅ ထရီလီယံယန်းကို ပြန်လည် လျှော့ချနိုင်ခဲ့ကြောင်း၊ ဂျပန်အစိုးရအနေ ဖြင့် ၂၀၂၅ ဘဏ္ဍာနှစ်တွင် အခွန်ဝင်ငွေ ၇၇ ဒသမ ၈၂ ထရီလီယံယန်းရရှိရန် မျှော်မှန်းထားကြောင်း ဖော်ပြထားသည်။

**Source : သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့**

https://myantrade.gov.mm/

## ၂၀၂၅ ခုနှစ်၏ ပထမ ၅ လတာကာလတွင် ကမ္ဘောဒီးယား၏ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှု သိသာစွာမြင့်တက်



အဓိကကုန်ပစ္စည်းများ တင်ပို့မှုသိသာထင်ရှားစွာ ကြီးထွားမှုနှင့်အတူ ကမ္ဘောဒီးယား၏ စိုက်ပျိုးရေး ကဏ္ဍသည် ၂၀၂၅ ခုနှစ်၏ အစောပိုင်းကာလတွင် သိသာစွာမြင့်တက်ခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယား၏ အဓိကပို့ကုန်များတွင် ဆန်၊ ငှက်ပျောသီး၊သရက်သီး၊ပီလောပီနံ၊သီဟိုဠ်စေ့၊ ပြောင်း ၊ရော်ကောင်းနှင့် ဆေးရွက်ကြီးတို့ ပါဝင်ကြောင်း သိရသည်။

ယခုနှစ်ဇန်နဝါရီလမှ မေလကာလအတွင်း ကမ္ဘောဒီးယားသည် စပါးတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၅၃၅ သန်း နှင့် ဆန်တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၂၅၃ သန်းရရှိခဲ့ပြီး ၂၀၂၄ ခုနှစ် တူညီသည့်ကာလ နှင့်နှိုင်းယှဉ်ပါက ၁၈ ရာခိုင်နှုန်းနှင့် ၃၁ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း စီးပွားကူးသန်းဝန်ကြီးဌာန၏ ဇွန်လ ၂၄ ရက်နေ့ကထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံသည် သီဟိုဠ်စေ့တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၇၃၉ သန်းနှင့် ငှက်ပျောသီးတင်ပို့မှုမှတစ်ဆင့် အမေရိကန် ဒေါ်လာ ၇၆ သန်းရရှိခဲ့ကာ ၂၀၂၄ ခုနှစ်တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၅၈ ရာခိုင်နှုန်းနှင့် ၂၁ ရာခိုင်နှုန်းအသီးသီးမြင့်တက်ခဲ့ ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ကမ္ဘောဒီးယားသည် ထို ၅ လတာ ကာလတွင် ပီလောပီနံတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၄၁၇ သန်း၊ ရာဘာ တင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၆၉ သန်းနှင့် သရက်သီးတင်ပို့မှုမှတစ်ဆင့် အမေရိကန် ဒေါ်လာ ၉၅ သန်း ရရှိခဲ့ကာ ၂၀၂၄ ခုနှစ်တူညီသည့်ကာလနှင့်နှိုင်းယှဉ်ပါက ၁၃ ရာခိုင်နှုန်း၊ ၁၆ ရာခိုင်နှုန်းနှင့် ၁ ရာခိုင်နှုန်းအသီးသီးမြင့်တက်ခဲ့ ကြောင်း သိရသည်။

အခြားစိုက်ပျိုးရေးထုတ်ကုန်များဖြစ်သည့် ပြောင်း၊ရော်ကောင်း၊တောကြက်မောက်သီးနှင့် သကြားတင်ပို့မှုတို့မှ စုစုပေါင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၈၃ သန်းရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးမွေးမြူရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီး Dith Tina က စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကိုပံ့ပိုးရာတွင် အဓိကကဏ္ဍကတည်ရှိနေကြောင်း၊ နိုင်ငံသည် အစားအစာဖူလုံမှုမရှိသည့် နိုင်ငံအဖြစ်မှ ပြည်တွင်းအစားအစာဖူလုံသည့်နိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းခဲ့ကြောင်းနှင့် ယခုအခါနှစ်စဉ်တန်ချိန်သန်းပေါင်းများစွာကိုတင်ပို့ကာ ကမ္ဘာ့အစား အစာဖူလုံရေးတွင် ပါဝင်ပံ့ပိုးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

တရုတ်၊ ဗီယက်နမ်နှင့်ထိုင်းတို့သည် ကမ္ဘောဒီးယားစိုက်ပျိုးရေးထုတ်ကုန်များအဓိကတင်သွင်းသူများဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံ၏စီးပွားရေးကိုပံ့ပိုးပေးလျက်ရှိသည့် အဓိကထောက်တိုင် ၄ ခုအနက် ၁ ခုဖြစ်ကြောင်း သိရသည်။

အစိုးရသည် အိမ်ထောင်စုများ၏စီးပွားဖြစ်စိုက်ပျိုးမှုများကိုအဆင့်မြှင့်တင်ရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်များမှတစ်ဆင့် စိုက်ပျိုးရေးသမားများ၏ဝင်ငွေကိုမြှင့်တင်ပေးနိုင်ရန် ရည်ရွယ်၍ဗျူဟာမြောက်မူဝါဒသစ်အကောင်အထည်ဖော်မည်ဟု ကြေညာခဲ့သည်။

ထိုမူဝါဒအောက်တွင် အစိုးရသည် စိုက်ပျိုးရေးတာဝန်ရှိသူများအား နိုင်ငံတစ်ဝှန်းတွင် ဖြန့်ကျက်ထားရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လူသားအရင်းအမြစ်များ ထပ်တိုးပံ့ပိုးမည်ဟု သိရသည်။

ထိုတာဝန်ရှိသူများသည် စိုက်ပျိုးရေးသမားများအားပံ့ပိုးခြင်း၊စိုက်ပျိုးရေး သမဝါယမအသင်း များဖွဲ့စည်းခြင်းနှင့် ထုတ်လုပ်မှုကုန်ကျစရိတ်များလျှော့ချရန် စိုက်ပျိုးရေး သမားများအားထိန်းကျောင်းပေးသွားမည်ဟု သိရသည်။

**Source: Khmer Times**

**DOCA ရန်ကုန်**

https://www.doca.gov.mm/

## တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် အိမ်ဈေးနှုန်းများမြင့်မားလာသည့်အတွက် ပြည်တွင်းအတိုးနှုန်းကို ၂ ဒသမ ၅ ရာခိုင်နှုန်းတွင်သာထားရှိရန် ဗဟိုဘဏ်သတ်မှတ်

တောင်ကိုရီးယားနိုင်ငံ၊ ဆိုးလ်မြို့တွင် အိမ်ဈေးနှုန်းများ ရုတ်တရက်မြင့်မားလာသည့်အတွက် ပြည်တွင်းအတိုးနှုန်းကို ပြောင်းလဲမှုမရှိဘဲ ၂ ဒသမ ၅ ရာခိုင်နှုန်းတွင်သာထားရှိသွားမည်ဟု တောင်ကိုရီးယားနိုင်ငံ ဗဟိုဘဏ်က ၁၀-၇-၂၀၂၅ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

ဆိုးလ်မြို့ရှိ အချို့သောနေရာများတွင် အိမ်ဈေးနှုန်းများမြင့်မားလာမှုသည် ၂၀၂၄ ခုနှစ်၊ ဩဂုတ်လကထက် ပိုမိုလျှင်မြန်လာခဲ့ကြောင်း၊ဆိုးလ်မြို့နှင့်ပတ်ဝန်းကျင်ဒေသများတွင် ထိန်းချုပ်၍မရနိုင်အောင် မြင့်မားလာသော အိမ်ခြံမြေဈေးနှုန်းများ သည် လူငယ်မျိုးဆက်များအကြားတွင် နောက်ကျကျန်ရစ်နေသည့် ခံစားချက်အပါအဝင် အခြားသောပြဿနာများစွာကို ပိုမို ဆိုးရွားလာစေနိုင်ကြောင်း၊ လာမည့်လတွင် အဆိုပါပြဿနာကို ထိန်းချုပ်နိုင်ခြင်းရှိလိမ့်မည်ဟုလည်း သေချာစွာမပြောနိုင်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Rhee Chang-yong က ဘဏ်ရုံးချုပ်တွင် ကျင်းပပြုလုပ်သော သတင်းစာရှင်းလင်းပွဲအတွင်း ပြောကြားခဲ့သည်။

၂၀၂၅ ခုနှစ်တွင် နိုင်ငံ၏စီးပွားရေးတိုးတက်နှုန်းသည် သုည ဒသမ ၈ ရာခိုင်နှုန်းတိုးတက်လိမ့်မည်ဟု မေလအတွင်းက ခန့်မှန်းခဲ့ကြောင်း၊ သို့သော် ပြည်တွင်းစားသုံးသူသုံးစွဲနှုန်းနာလန်ထူလာမှုသည် ခန့်မှန်းထားသည်ထက် အနည်းငယ်ပိုမိုလာခဲ့သည့်အပြင်တစ်ပိုင်းလျှပ်ကူးပစ္စည်းများတင်ပို့မှုတိုးတက်လာခြင်းကလည်းစီးပွားရေးတိုးတက်မှုကို အထောက်အကူပြုကြောင်း၊ သို့သော် ဆောက်လုပ်ရေးကဏ္ဍတွင် လုပ်ငန်းများ ကျဆင်းနေခြင်းနှင့် အမေရိကန်၏စည်းကြပ်ခွန်ဆိုင်ရာမူဝါဒများကို ရင်ဆိုင်နေရခြင်းတို့သည် စီးပွားရေးတိုးတက်မှုအရှိန်ကိုနှေးကွေးစေကြောင်း၊သို့ဖြစ်၍အစိုးရအနေဖြင့် ဒုတိယအကြိမ်ဖြည့်စွက်ဘတ်ဂျက် Supplementary Budget အဖြစ် ဝမ်ငွေ ၃၂ ထရီလီယံ အမေရိကန်ဒေါ်လာ ၂၃ ဘီလီယံကို ချထားသွားမည်ဖြစ်သည့်အတွက် အဆိုပါစီမံဆောင်ရွက်မှုသည် နိုင်ငံ၏စီးပွားရေးတိုးတက်နှုန်း တစ်နည်းအားဖြင့် နိုင်ငံ၏ GDPကို သုည ဒသမ ၁

ရာခိုင်နှုန်းတိုးတက်စေရေး အထောက်အကူပြုနိုင်မည့်မျှော်မှန်းကြောင်း၊ အဆိုပါသက်ရောက်မှုများကို ဩဂုတ်လအတွင်း ကျင်းပမည့် ငွေကြေးမူဝါဒအစည်းအဝေး၌ထုတ်ပြန်မည့် စီးပွားရေးတိုးတက်မှုအလားအလာခန့်မှန်းချက်တွင် ထည့်သွင်းတွက်ချက်ဖော်ပြသွားမည်ဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌ Mr. Rhee Chang-yong က ပြောကြားခဲ့သည်။

Moody's Analytics မှ စီးပွားရေးပညာရှင်က "ပြည်တွင်းအတိုးနှုန်းကို ပြောင်းလဲမှုမရှိဘဲ ၂ ဒသမ ၅ ရာခိုင်နှုန်းတွင်သာ ထားရှိသွားမည်ဟုတောင်ကိုရီးယားနိုင်ငံဗဟိုဘဏ်ကဆုံးဖြတ်ခြင်းသည် နိုင်ငံ၏ဘဏ္ဍာရေးအခြေအနေများဆိုးရွားလာခြင်း၊ အိမ်ထောင်စုများ၏ကြွေးမြီများ ဆိုးဝါးစွာတိုးမြင့်လာခြင်းနှင့် အိမ်ခြံမြေဈေးနှုန်းများဆက်လက်မြင့်တက်လာခြင်းတို့ အပေါ် ဗဟိုဘဏ်၏စိုးရိမ်မှုကို များစွာထင်ဟပ်စေသည် "ဟု ပြောကြားခဲ့သည်။

**Source: Korea Herald** https://www.koreatimes.co.kr/economy/20250710/bok-freezes-rate-at-25-amid-surging-home-prices-in-seoul

**ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့**

https://myantrade.gov.mm/

## STOCK EXCHANGE (11.7.2025)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Jul. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,939 (Shares) | 28,960,150 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,000 | +200 | +2.94% | 6,600 | 7,000 | 6,600 | 80 | 539,400 | 33,109,694 | 231,768 |
| MTSH | 00002 | 3,150 | -50 | -1.56% | 3,200 | 3,200 | 3,150 | 3,660 | 11,661,300 | 38,929,150 | 122,627 |
| MCB | 00003 | 7,400 | +100 | +1.37% | 7,200 | 7,400 | 7,200 | 3 | 22,000 | 10,400,986 | 76,967 |
| FPB | 00004 | 2,000 | +0 | +0.00% | 2,000 | 2,000 | 2,000 | 2,173 | 4,346,000 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | -100 | -3.70% | 2,650 | 2,650 | 2,600 | 558 | 1,476,800 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,600 | 1,700 | 1,550 | 2,748 | 4,569,200 | 19,977,223 | 33,961 |
| AMATA | 00007 | 3,800 | -50 | -1.30% | 3,750 | 3,800 | 3,700 | 1,607 | 5,998,950 | 10,497,598 | 39,891 |
| MAEX | 00008 | 3,150 | +0 | +0.00% | 3,150 | 3,150 | 3,150 | 110 | 346,500 | 23,804,946 | 74,986 |

YANGON
STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

About YSX
Company Consulting
Regulations
Learning
Trading

Home > Main Board > Market Data > Market summary

## Market summary

As of 11th Jul. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 356.74 | +2.61 | +0.74% | 352.71 | 356.74 | 349.41 | 10,939 | 28,960,150 | 8 | 672,869 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Jul. 2025

| Trading Volume | Trading Value |
|---|---|
| 11,010 (Shares) | 29,173,300 (MMK) |

## Main Board

As of 1:00 pm, 11th Jul. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,939 (Shares) | 28,960,150 (MMK) |

| MYANPIX | 356.74 ▲ 2.61 |
|---|---|
| Total Volume (shares) | 10,939 |
| Total Value (MMK) | 29 mil |
| Listed Company | 8 |
| Market Cap. (MMK) | 672,869 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,000 | ▲ 200 |
| MTSH | 00002 | 3,150 | ▼ 50 |
| MCB | 00003 | 7,400 | ▲ 100 |
| FPB | 00004 | 2,000 | ▲ 0 |
| TMH | 00005 | 2,600 | ▼ 100 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 3,800 | ▼ 50 |
| MAEX | 00008 | 3,150 | ▲ 0 |